## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမိန့်အမှတ် (၁၆/၂၀၂၃)

၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၄/၂၀၂၂) ၏ သဘောတူဆုံးဖြတ်ချက်အရ ပြည်ထောင်စု ရာထူးဝန်အဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၃/၂၀၂၃) ၏ သဘောတူခွင့်ပြုချက်ရရှိပြီးဖြစ်ပါသဖြင့် လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ လေကြောင်းပျံသန်းမှု လမ်းညွှန်ထိန်းသိမ်းရေးဌာနခွဲ၊ လေကြောင်းဆက်သွယ်ရေးဌာနစုမှ ဦးစီးမှူး (ဆက်သွယ်)၊ လစာနှုန်း (၂၃၄,၀၀၀- ၂,၀၀၀-၂၄၄,၀၀၀) များဖြစ်ကြသော ဦးမောင်မျိုးနှင့် ဦးသိန်းအေး (၂) ဦးတို့အား လစ်လပ်လျက်ရှိသော ဦးစီးအရာရှိ (ဆက်သွယ်ရေး)၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာများသို့ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက် နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမိန့်အမှတ် (၁၇/၂၀၂၃)

၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၄/၂၀၂၂) ၏ သဘောတူဆုံးဖြတ်ချက်အရ ပြည်ထောင်စု ရာထူးဝန်အဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၃/၂၀၂၃) ၏ သဘောတူခွင့်ပြုချက်ရရှိပြီးဖြစ်ပါသဖြင့် လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ လေယာဉ်ကွင်း စံချိန်စံညွှန်းနှင့် စစ်ဆေးရေးဌာနခွဲမှ အငယ်တန်းအင်ဂျင်နီယာ-၁ (မြို့ပြ)၊ လစာနှုန်း (၂၃၄,၀၀၀-၂,၀၀၀- ၂၄၄,၀၀၀) (၈) ဦးတို့အား လစ်လပ်လျက်ရှိသော လက်ထောက်အင်ဂျင်နီယာ (မြို့ပြ)၊ လစာနှုန်း (၂၇၅,၀၀၀- ၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာများသို့ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက် နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထား လိုက်သည်-

| စဉ် | အမည် |
|---|---|
| (က) | ဦးဇော်ဇော်အောင် |
| (ခ) | ဒေါ်သူဇာထွေး |
| (ဂ) | ဦးအောင်ထက်လွင်ကျော် |
| (ဃ) | ဒေါ်မိုးစန္ဒာအောင် |

စဉ် အမည်

( င ) ဦးကိုလိုင်ဌွေး

( စ ) ဦးချစ်သက်ဦး

(ဆ) ဒေါ်အေးမို့မို့ဇင်

( ဇ ) ဒေါ်နိုင်ဇာလီထွန်းမြင့်

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမိန့်အမှတ် (၁၈/၂၀၂၃)**

၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၄/၂၀၂၂) ၏ သဘောတူဆုံးဖြတ်ချက်အရ ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၃/၂၀၂၃) ၏ သဘောတူခွင့်ပြုချက်ရရှိပြီးဖြစ်ပါသဖြင့် လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ လေကြောင်းပညာသိပ္ပံမှ နည်းပြ/သရုပ်ပြ (လေကြောင်းအင်္ဂလိပ်စာ)၊ လစာနှုန်း (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) ဒေါ်ခင်စန္ဒီထွန်းလင်းအား လစ်လပ်လျက်ရှိသော လက်ထောက်ကထိက (လေကြောင်းအင်္ဂလိပ်စာ)၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာသို့ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက် နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

ဗိုလ်ချုပ်ကြီး တင်အောင်စန်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် (၁၈/၂၀၂၃)**

၁၃၈၄ ခုနှစ်၊ တပို့တွဲလဆန်း ၄ ရက်

(၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက်)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ အမှုဆောင်ကော်မတီ အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၃) ၏ ကြိုတင်ခွင့်ပြုချက်အရ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၊ လှိုင်မြို့နယ်လျှပ်စစ်မန်နေဂျာရုံးမှ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) တန်း၊ လက်ထောက်အထွေထွေမန်နေဂျာ (စီမံ) ဦးကျော်ဆန်းအောင် အား ယင်းကော်ပိုရေးရှင်းရှိ ရုံးချုပ်၊ စီမံခန့်ခွဲရေးဌာနတွင် လစ်လပ်လျက်ရှိသော လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) တန်း၊ ဒုတိယအထွေထွေမန်နေဂျာ (စီမံ) ရာထူးသို့ တာဝန်ဝတ္တရားများကို စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်တာဝန်ချထားလိုက်သည်။

**အမိန့်ကြော်ငြာစာအမှတ် (၃၈/၂၀၂၃)**

၁၃၈၄ ခုနှစ်၊ တပို့တွဲလဆန်း ၇ ရက်

(၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၃) ၏ ကြိုတင်ခွင့်ပြုချက်အရ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ

B/Ma Na/2023 Gazette/gazette (6) 55

ဒါရိုက်တာအဖွဲ့ဝင် (၃) ဦးအေးကျော် အား ယင်းကော်ပိုရေးရှင်းတွင် လစ်လပ်လျက်ရှိသော ဥက္ကဋ္ဌရာထူးနေရာသို့ တာဝန်ဝတ္တရားများကို စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်တာဝန်ပေးအပ်လိုက်သည်။

သောင်းဟန်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၆/၂၀၂၃)

၁၃၈၄ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၈ ရက်
(၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်)

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၅၃/၂၀၂၂) ဖြင့် အစမ်းခန့်ထားခဲ့သည့် အောက်ပါ ဦးစီးအရာရှိ (၅) ဦးအား ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်နေ့ နံနက်ပိုင်းမှစတင်၍ မူပိုင်ခွင့်ဦးစီးဌာနတွင် ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးဖြင့် အတည်ပြုခန့်ထားလိုက်သည်-

| စဉ် | အမည် | မှတ်ပုံတင်အမှတ် |
|---|---|---|
| (က) | ဒေါ်အိသန္တာဆွေ | ၈/ပခက (နိုင်) ၂၂၉၁၉၃ |
| ( ခ ) | ဒေါ်ရွှေရူပါ | ၈/မကန (နိုင်) ၂၁၆၆၄၈ |
| ( ဂ ) | ဒေါ်ရွှေသဇင်ထွန်း | ၉/ပသက (နိုင်) ၁၂၉၃၄၅ |
| (ဃ) | ဒေါ်အေးမြတ်သူ | ၁၂/မရက (နိုင်) ၁၅၇၀၈၀ |
| ( င ) | ဦးထက်လင်းအောင် | ၇/ပမန (နိုင်) ၁၂၉၃၄၆ |

အောင်နိုင်ဦး
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၉/၂၀၂၃)

၁၃၈၄ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၇ ရက်
(၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်)

၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်နေ့တွင် ကျင်းပပြုလုပ်သော လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၃) ၏ သဘောတူခွင့်ပြုချက်အရ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနရှိ လစ်လပ်လျက်ရှိသော ဦးစီးအရာရှိ ရာထူးနေရာများအတွက် ပြည်ထောင်စုရာထူးဝန်အဖွဲ့မှတစ်ဆင့် ရွေးချယ်ခေါ်ယူခဲ့သည့် ဦးစီးအရာရှိ (အစမ်းခန့်)

ပုံသေလစာ (၂၇၅,၀၀၀/-) နှုန်းဖြင့် ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်နေ့ နံနက်ပိုင်းမှစ၍ အစမ်းခန့်ခဲ့သော အောက်ဖော်ပြပါ အရာထမ်း (၂၀) ဦးအား လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)၊ ဦးစီးအရာရှိရာထူးဖြင့် ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်နေ့ နံနက်ပိုင်းမှစ၍ အတည်ပြုခန့်ထားပြီး ယှဉ်တွဲဖော်ပြပါနေရာများတွင် တာဝန်ချထားလိုက်သည်-

| စဉ် | အမည် | လက်ရှိတာဝန်ထမ်းဆောင်သည့် ရာထူး၊ ဌာန | တာဝန်ပေးအပ်မည့် ရာထူး၊ ဌာန |
|---|---|---|---|
| (က) | ဒေါ်စုလှိုင်မြ | ဦးစီးအရာရှိ<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန | ဦးစီးအရာရှိ<br>ဒက္ခိဏခရိုင်ဦးစီးမှူးရုံး<br>(ရုံးချုပ်နေပြည်တော်တွဲဖက်) |
| (ခ) | ဒေါ်ထက်ထက်စံ | ဦးစီးအရာရှိ<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန | ဦးစီးအရာရှိ<br>ဌာနဆိုင်ရာငွေစာရင်းဌာနခွဲ<br>ရုံးချုပ်၊ နေပြည်တော် |
| (ဂ) | ဒေါ်မြတ်ရွှေစင်မြင့် | ဦးစီးအရာရှိ<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန | ဦးစီးအရာရှိ<br>ဧရာဝတီတိုင်းဒေသကြီး<br>ဦးစီးမှူးရုံး၊ ပုသိမ်မြို့ |
| (ဃ) | ဒေါ်လင်းလင်းသိန်း | ဦးစီးအရာရှိ<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန | ဦးစီးအရာရှိ<br>ဖန်းမော်ခရိုင်ဦးစီးမှူးရုံး<br>ဖန်းမော်မြို့ |
| (င) | ဦးစည်သူရွှေဇင် | ဦးစီးအရာရှိ<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန | ဦးစီးအရာရှိ<br>မှတ်တမ်းဌာနခွဲ၊ ရုံးချုပ်<br>နေပြည်တော် |
| (စ) | ဦးအောင်ရဲဇော် | ဦးစီးအရာရှိ<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန | ဦးစီးအရာရှိ<br>မကွေးတိုင်းဒေသကြီးဦးစီးမှူးရုံး<br>မကွေးမြို့ |
| (ဆ) | ဦးဟောက်ရှင်းခိုင် | ဦးစီးအရာရှိ<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန | ဦးစီးအရာရှိ<br>ကရင်ပြည်နယ်ဦးစီးမှူးရုံး<br>ဘားအံမြို့ |
| (ဇ) | ဦးခိုင်ကိုထက် | ဦးစီးအရာရှိ<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန | ဦးစီးအရာရှိ<br>ကချင်ပြည်နယ်ဦးစီးမှူးရုံး<br>မြစ်ကြီးနားမြို့ |
| (ဈ) | ဦးကျော်ဇင်လတ် | ဦးစီးအရာရှိ<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန | ဦးစီးအရာရှိ<br>သံတောင်ကြီးမြို့နယ်ဦးစီးမှူးရုံး<br>ကရင်ပြည်နယ်၊ သံတောင်ကြီးမြို့ |
| (ည) | ဦးသီဟညီထွေး | ဦးစီးအရာရှိ<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန | လုပ်ငန်းအရာရှိ<br>ဂြိုဟ်တုမှပုံရိပ်ဖမ်းယူစူးစမ်း<br>လေ့လာမှုဌာနခွဲ<br>ရုံးချုပ်၊ နေပြည်တော် |

| စဉ် | အမည် | လက်ရှိတာဝန်ထမ်းဆောင်သည့် ရာထူး၊ ဌာန | တာဝန်ပေးအပ်မည့် ရာထူး၊ ဌာန |
|---|---|---|---|
| ( ဋ ) | ဦးချစ်စမ်းဦး | ဦးစီးအရာရှိ<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန | ဦးစီးအရာရှိ<br>တောင်ငူခရိုင်ဦးစီးမှူးရုံး<br>တောင်ငူမြို့ |
| ( ဌ ) | ဦးထွန်းထွန်းနောင် | ဦးစီးအရာရှိ<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန | ဦးစီးအရာရှိ<br>ဒက္ခိဏခရိုင်ဦးစီးမှူးရုံး<br>(ရုံးချုပ်၊ နေပြည်တော်တွဲဖက်) |
| ( ဍ ) | ဦးငြိမ်းချမ်းထွန်း | ဦးစီးအရာရှိ<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန | ဦးစီးအရာရှိ<br>ပခုက္ကူခရိုင်ဦးစီးမှူးရုံး<br>ပခုက္ကူမြို့ |
| ( ဎ ) | ဒေါ်ဖြူလဲ့ဇင် | ဦးစီးအရာရှိ<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန | ဦးစီးအရာရှိ<br>ဆိပ်ဖြူမြို့နယ်ဦးစီးမှူးရုံး<br>ဆိပ်ဖြူမြို့ |
| (ဏ) | ဒေါ်နှင်းဝေဝေ | ဦးစီးအရာရှိ<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန | ဦးစီးအရာရှိ<br>ပြည်ထောင်စုနယ်မြေ<br>နေပြည်တော်တိုင်းဦးစီးမှူးရုံး |
| (တ) | ဒေါ်သင်းမြတ်မြတ်နိုး | ဦးစီးအရာရှိ<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန | ဦးစီးအရာရှိ<br>ပဲခူးတိုင်းဒေသကြီးဦးစီးမှူးရုံး<br>ပဲခူးမြို့ |
| (ထ) | ဒေါ်အေးအုံ့သုသျှင် | ဦးစီးအရာရှိ<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန | ဦးစီးအရာရှိ<br>ဥတ္တရခရိုင်ဦးစီးမှူးရုံး<br>ပြည်ထောင်စုနယ်မြေ |
| ( ဒ ) | ဒေါ်စီစီမြင့် | ဦးစီးအရာရှိ<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန | ဦးစီးအရာရှိ<br>စစ်ကိုင်းတိုင်းဒေသကြီးဦးစီးမှူးရုံး<br>မုံရွာမြို့ |
| ( ဓ ) | ဒေါ်ဖြူမွန်သိမ့် | ဦးစီးအရာရှိ<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန | ဦးစီးအရာရှိ<br>ရှမ်းပြည်နယ်ဦးစီးမှူးရုံး<br>တောင်ကြီးမြို့ |
| ( န ) | ဒေါ်အေးမမမျိုး | ဦးစီးအရာရှိ<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန | နည်းပြအရာရှိ<br>သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု<br>သင်တန်းကျောင်း၊ ဟသ်ာတမြို့ |

ဒေါက်တာ သက်သက်ခိုင်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# နေပြည်တော်စည်ပင်သာယာရေးကော်မတီ

## အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၂၃)

၁၃၈၄ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၂ ရက်

(၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်)

နေပြည်တော်စည်ပင်သာယာရေးကော်မတီသည် နေပြည်တော်စည်ပင်သာယာရေးဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (ဠ)၊ (အ) တို့ပါ နိုင်ငံတော်ပိုင်အိမ်ရာအဆောက်အဦများတွင် နေထိုင်ခွင့်ရရှိသူများလိုက်နာရန် စည်းကမ်းချက်များအား နေပြည်တော်စည်ပင်သာယာရေးဥပဒေပုဒ်မ ၃၈၊ ပုဒ်မခွဲ (ခ) အရ အောက်ပါ စည်းကမ်းချက်များအား ထုတ်ပြန်လိုက်သည်-

**နေပြည်တော်အတွင်းရှိ ဝန်ကြီးဌာနအလိုက် ဝန်ထမ်းများအတွက်ချထားပေးသော နိုင်ငံတော်ပိုင်အိမ်ရာ အိမ်ထောင်သည်တိုက်ခန်းများတွင် နေထိုင်ခွင့်ရရှိသူများလိုက်နာရန် စည်းကမ်းချက်များ**

**နေထိုင်မှုစည်းကမ်းချက်များ**

၁။ နေထိုင်မှုစည်းကမ်းချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ဝန်ကြီးဌာနအလိုက် ခွဲဝေပေးထားသည့် (၆) ခန်းတွဲ (၄) ထပ်၊ (၄) ခန်းတွဲ (၄) ထပ်၊ (၂) ခန်းတွဲ (၃) ထပ် တိုက်တစ်လုံးစီတွင် တိုက်တာဝန်ခံ (၁) ဦးနှင့် ဒုတိယတိုက်တာဝန်ခံ (၁) ဦးအား တိုက်ခွဲဝေရရှိသည့် ဝန်ကြီးဌာနမှ တာဝန်ခံ၍ ခန့်အပ်တာဝန်ပေးထားရမည်။ အကယ်၍ ဝန်ကြီးဌာနပေါင်းစပ်နေထိုင်ပါက အခန်းအရေအတွက်အများဆုံးရရှိသည့် ဝန်ကြီးဌာနမှ တိုက်တာဝန်ခံအား ခန့်အပ်တာဝန်ပေးရမည်၊

( ခ ) ခန့်အပ်တာဝန်ပေးထားသည့် တိုက်တာဝန်ခံနှင့် ဒုတိယတိုက်တာဝန်ခံတို့၏ အမည်၊ ရာထူး၊ ဌာနနှင့် ဆက်သွယ်ရန်တယ်လီဖုန်းနံပါတ်တို့ပါဝင်သော ကိုယ်ရေးအကျဉ်းအား နေပြည်တော်စည်ပင်သာယာရေး ကော်မတီသို့ ပေးပို့မှတ်ပုံတင်ထားရမည် (တိုက်တာဝန်ခံ သို့မဟုတ် ဒုတိယတိုက်တာဝန်ခံများ ပြောင်းလဲမှုရှိတိုင်း ပေးပို့ရမည်)၊

( ဂ ) တိုက်ခန်းတွင် နေထိုင်သူဝန်ထမ်းနှင့် မိသားစုဝင်များအားလုံးသည် ခန့်အပ်ထားသည့် တိုက်တာဝန်ခံနှင့် ဒုတိယတိုက်တာဝန်ခံတို့၏ ကြီးကြပ်ကွပ်ကဲမှုကို လိုက်နာဆောင်ရွက်ရမည်၊

(ဃ) တိုက်တာဝန်ခံသည် မိမိတိုက်အား အမြဲတမ်းစနစ်တကျ ထိန်းသိမ်းကြီးကြပ်ရန်နှင့် အခက်အခဲပြဿနာ ရှိပါက အချိန်နှင့်တစ်ပြေးညီ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန၊ အဖွဲ့အစည်းရှိ တာဝန်ရှိသူအရာရှိ များနှင့် တာဝန်မှူးရုံးခန်းသို့ တင်ပြရမည်၊

( င ) ထုတ်ပြန်ထားသည့်စည်းကမ်းများအား တိုက်ခန်းတွင်နေထိုင်ရန် ခွင့်ပြုထားသည့် (ဇနီး၊ ခင်ပွန်း၊ သား၊ သမီး၊ မိခင်၊ ဖခင်၊ ညီ၊ ညီမ၊ တူ၊ တူမ) အပါအဝင်နှင့် ဧည့်သည်များပါလိုက်နာစေရန် အိမ်ထောင်ဦးစီးတွင် တာဝန်ရှိသည်။ စည်းကမ်းချိုးဖောက်ပါက အိမ်ထောင်ဦးစီးသည် ဝန်ထမ်းစည်းမျဉ်း၊ စည်းကမ်းအရ အရေးယူခြင်းခံရမည်၊

( စ ) တိုက်ခန်းမှ ပြင်ပသို့ ညအိပ်သွားရောက်ခြင်း၊ ခရီးသွားရောက်ခြင်း၊ ပြန်လည်ရောက်ရှိခြင်းများရှိပါက တိုက်တာဝန်ခံ၊ ဒုတိယတိုက်တာဝန်ခံများထံ သတင်းပို့တင်ပြရမည်၊

(ဆ) တိုက်ခန်းများတွင် ခွင့်ပြုမိန့်ရှိသူများမှအပ ညအိပ်ဧည့်သည်နေထိုင်ခွင့်အား (၂၄) နာရီအတွင်း တိုက်တာဝန်ခံထံသို့ မပျက်မကွက်သတင်းပို့ရန်နှင့် ၎င်းမှတစ်ဆင့် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းသို့ ခွင့်ပြုချက်ရယူတောင်းခံရမည်၊

( ဇ ) နေထိုင်ခွင့်ရရှိသောတိုက်ခန်းသို့ အကျင့်စာရိတ္တပျက်ယွင်းသူ၊ ပြစ်မှုကျူးလွန်ရန် သံသယရှိသူများအား လက်ခံတည်းခိုခွင့်မပြု၊

D/Hla Na/2023 Gazette/gazette (6)/33

(ဈ) နေထိုင်ခွင့်ရရှိသောတိုက်ခန်းအား နေထိုင်ခွင့်ရရှိသူကိုယ်တိုင် နေထိုင်မှုမရှိခြင်း၊ အခြားသူများအား ငှားရမ်းခြင်း၊ မိသားစုဝင်များမှအပ မိမိအိမ်ထောင်စုစာရင်းတွင် ပါဝင်ခြင်းမရှိသူများအား ရက်ရှည်နေထိုင်ခွင့်ပြုခြင်းများ လုံးဝမပြုလုပ်ရ၊

(ည) နိုင်ငံတော်ပိုင်တိုက်ခန်းတွင် နေထိုင်သူအားလုံးသည် အငြိမ်းစားယူခြင်း၊ အခြားဒေသသို့ ပြောင်းရွှေ့ခြင်း၊ ဝန်ထမ်းအဖြစ်မှ နုတ်ထွက်ခြင်း၊ ထုတ်ပစ်ခြင်း၊ ထုတ်ပယ်ခြင်းများခံရပါက တိုက်ခန်းအား ပြန်လည်အပ်နှံ၍ သတ်မှတ်ထားသည့်ရက်အတွင်း ဖယ်ရှားပေးရမည်။ ဖယ်ရှားခြင်းမရှိပါက ဌာနအစီအစဉ်ဖြင့် ဖယ်ရှားရှင်းလင်းခြင်းဆောင်ရွက်ရမည်၊

(ဋ) ဇနီးမောင်နှံ (၂) ဦးစလုံး အစိုးရဝန်ထမ်းဖြစ်ပြီး နေပြည်တော်တွင် တာဝန်ထမ်းဆောင်နေသူများဖြစ်ပါက ဝန်ထမ်းတစ်ဦး၏အမည်ဖြင့် နေအိမ်ခန်း (၁) ခန်းသာ ရယူရမည်၊

(ဌ) တိုက်ခန်းတွင် အမြဲတမ်းဝန်ထမ်းများကိုသာ နေထိုင်ခွင့်ပြုရန်နှင့် နေ့စားအလုပ်သမားများအား နေထိုင်ခွင့်မပြုရ၊

(ဍ) အိမ်ထောင်သည်တိုက်ခန်းတွင် လူပျို၊ အပျို၊ လူလွတ်များတစ်ဦးတည်း လုံးဝနေထိုင်ခွင့်မပြု၊

(ဎ) ဝန်ထမ်းများသည် ပါတီနိုင်ငံရေးကင်းရှင်းရမည်ဖြစ်၍ ပါတီနိုင်ငံရေးဆောင်ရွက်သူများ၊ ပါတီနိုင်ငံရေးနှင့် ပတ်သက်၍ စည်းရုံးလှုံ့ဆော်သူများ ဝန်ထမ်းအိမ်ရာများတွင် နေထိုင်ခွင့်မပြုရ၊

(ဏ) တိုက်ခန်းတွင် အေးချမ်းသာယာမှုကိုဖြစ်စေ၊ ဝန်ထမ်းအချင်းချင်းစည်းလုံးညီညွတ်မှုကိုဖြစ်စေ ပျက်ပြားစေရန် လှုံ့ဆော်ခြင်း၊ သွေးထိုးခြင်း၊ ထင်ရာမြင်ရာပြောဆိုခြင်းများ၊ အများနှင့် မသင့်လျော်စွာ နေထိုင်ခြင်းများမပြုလုပ်ရ၊

(တ) တိုက်ခန်းတွင် အုပ်စုဖွဲ့၍ အရက်သေစာသောက်စားခြင်း၊ မူးယစ်ရမ်းကားခြင်း၊ လောင်းကစားပြုလုပ်ခြင်း၊ နှစ်လုံး၊ သုံးလုံးချဲထီရောင်းဝယ်ခြင်း၊ ခိုက်ရန်ဖြစ်ပွားခြင်း၊ ဆဲဆိုခြင်းနှင့် ဆူညံအော်ဟစ်ခြင်းများ မပြုလုပ်ရ၊

(ထ) နေထိုင်ခွင့်ရရှိသောတိုက်ခန်းတွင် ပတ်ဝန်းကျင်အား အနှောင့်အယှက်ဖြစ်စေမည့် တိုက်ခန်းအတွင်း ရန်ဖြစ်ခြင်း၊ အော်ကြီးဟစ်ကျယ်စကားပြောခြင်း၊ ဆဲဆိုခြင်း၊ ကျယ်လောင်စွာသီချင်းဖွင့်ခြင်း၊ သီချင်းဆိုခြင်း စသည့်နှုတ်အသံဖြင့် ဆူညံမှုပြုလုပ်ခြင်းနှင့် အပြုအမူတစ်ခုခုဖြင့် ဆူညံမှုများပြုခြင်းတို့ မပြုလုပ်ရ၊

(ဒ) နေထိုင်ခွင့်ရရှိထားသောတိုက်ခန်းတွင် နေထိုင်ခွင့်ရရှိသူကိုယ်တိုင် နေထိုင်ခြင်းမရှိကြောင်း တိုက်တာဝန်ခံ၊ ဒုတိယတိုက်တာဝန်ခံများ၏ သတင်းပို့တင်ပြမှုအရလည်းကောင်း၊ တိုက်ခန်းစစ်ဆေးရေး အဖွဲ့များ၏ စစ်ဆေးချက်အရလည်းကောင်း စိစစ်တွေ့ရှိရပါက တိုက်ခန်းအား ပြန်လည်သိမ်းဆည်းပြီး နေထိုင်ခွင့်အား ရုပ်သိမ်းသွားမည်ဖြစ်ပါသည်။

**အဆောက်အဦပိုင်းဆိုင်ရာစည်းကမ်းချက်များ**

၂။ အဆောက်အဦပိုင်းဆိုင်ရာစည်းကမ်းချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) နေထိုင်ခွင့်ရရှိသောတိုက်ခန်းအား နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ ခွင့်ပြုချက်တစ်စုံတစ်ရာ မရှိဘဲ ပြင်ဆင်မွမ်းမံခြင်း၊ ပြောင်းလဲခြင်း၊ တိုးချဲ့ခြင်း မပြုလုပ်ရ၊

(ခ) လူပျို/အပျိုဆောင်အပါအဝင် လူနေအိမ်ရာများသည် ဝန်ထမ်းများအတွက် နိုင်ငံတော်မှ တည်ဆောက်ပေးသည့် အဆင့်မြင့်လူနေအိမ်ရာ၊ အဆောက်များဖြစ်ပါသဖြင့် ကိုယ်ပိုင်အဆောက်အဦကဲ့သို့

ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် မိမိ၏ပေါ့ဆမှုကြောင့် ပျက်စီးမှုများရှိပါက မူလအနေအထားအတိုင်း ပြန်လည်ပြင်ဆင်ပေးရမည် သို့မဟုတ် တန်ဖိုးအတိုင်း ပေးလျော်ရမည်၊

( ဂ ) တိုက်ခန်း၏ ပြင်ပဆက်စပ်နေရာ၌ အဖီချခြင်း၊ ကားဂိုဒေါင်ဆောက်လုပ်ခြင်းအပါအဝင် အခြားမည်သည့် အဆောက်အဦမှ ဆောက်လုပ်ခြင်းမပြုရ။

**လျှပ်စစ်မီးနှင့် ရေပိုင်းဆိုင်ရာစည်းကမ်းချက်များ**

၃။ လျှပ်စစ်မီးနှင့် ရေပိုင်းဆိုင်ရာစည်းကမ်းချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) တိုက်ခန်းတွင် နေထိုင်ခွင့်ရရှိသူသည် စုပေါင်းစနစ်ဖြင့် ရေမီတာတပ်ဆင်ထားပြီး ရေခွန်ပေးဆောင်ရခြင်းဖြစ်၍ ရေသုံးစွဲမှုအား စနစ်တကျသုံးစွဲရန်နှင့် သတိမမူမဲ့ ရေတင်ခြင်းမပြုလုပ်ရ၊ လစဉ်ကျသင့်သော ရေခွန်များအား သက်ဆိုင်ရာတိုက်တာဝန်ခံထံ မပျက်မကွက် စုပေါင်းပေးဆောင်ရမည်၊

( ခ ) မီးဘေးလုံခြုံရေးအတွက် လျှပ်စစ်မီးအား စနစ်တကျသုံးစွဲရန်နှင့် လျှပ်စစ်မိန်းခလုတ်မပိတ်ဘဲ ပြင်ပသို့ ညအိပ်ထွက်ခွာခြင်းများ၊ ပြင်ပသို့ ထွက်ခွာခြင်းများမပြုရ။

**အထွေထွေစည်းကမ်းချက်များ**

၄။ အထွေထွေစည်းကမ်းချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) တိုက်ခန်းတွင် ရုံးခန်းဖွင့်လှစ်ခြင်း၊ မူကြိုဖွင့်လှစ်ခြင်း၊ ကျူရှင်/စာသင်ဝိုင်းဖွင့်လှစ်ခြင်း၊ ဈေးဆိုင်ဖွင့်လှစ်ခြင်းနှင့် အခြားစီးပွားရေးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်ခြင်းများ မပြုလုပ်ရ၊

( ခ ) တိုက်ခန်းနှင့် တိုက်ခန်းဝင်းအတွင်း၌ ဥပဒေနှင့်ဆန့်ကျင်သော မည်သည့်လုပ်ငန်းကိုမဆို လုပ်ကိုင်ခြင်း မပြုလုပ်ရ၊

( ဂ ) ဝန်ထမ်းအိမ်ရာအတွင်း မဖြစ်မနေပြုလုပ်ရမည့် သာရေး၊ နာရေးကိစ္စရပ်များမှအပ အခြားသော ပျော်ပွဲရွှင်ပွဲကိစ္စရပ်များအား သက်ဆိုင်ရာဌာန၏ ခွင့်ပြုချက်ရယူပြီးမှသာ ပြုလုပ်ရမည်၊

(ဃ) စည်းကမ်းမဲ့အမှိုက်များစွန့်ပစ်ခြင်း၊ မီးရှို့ခြင်းနှင့် စည်းကမ်းမဲ့ ကွမ်းတံတွေးထွေးခြင်းများ မပြုလုပ်ရ၊

( င ) တိုက်ခန်းတွင် အများကိုအနှောင့်အယှက်ဖြစ်စေနိုင်သော မည်သည့်တိရစ္ဆာန်ကိုမှ မွေးမြူခြင်းမပြုရ၊

( စ ) နှစ်ရှည်အရိပ်ရပင်၊ သီးပင်၊ စားပင်၊ ပန်းအလှပင်တို့အား အိမ်ထောင်စုအလိုက် စိုက်ပျိုးရန်၊

(ဆ) မိမိနေထိုင်ခွင့်ရရှိသော တိုက်နှင့် ပတ်ဝန်းကျင်အား သတ်မှတ်ပေးထားသော ဧရိယာနယ်နိမိတ်အတွင်းကို မြက်၊ ချုံနွယ်များရှင်းလင်းဆောင်ရွက်ထားရှိရန်နှင့် သန့်ရှင်း၊ သပ်ရပ်၊ သစ်လွင်တောက်ပမှုရှိစေရေး ဆောင်ရွက်ရမည်၊

( ဇ ) မိမိနေထိုင်ခွင့်ရရှိသော တိုက်ပတ်ဝန်းကျင်ရှိ သဘာဝအတိုင်းပေါက်ရောက်နေသော သစ်ပင်ကြီးများ၊ စိုက်ပျိုးထားသော နှစ်ရှည်ပင်ကြီးများအား ခွင့်ပြုချက်မရှိဘဲ ခုတ်လှဲခြင်းမပြုရ၊ သို့ရာတွင် သစ်ပင်များအား အလင်းဖွင့်ဆောင်ရွက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ရမည်။

၅။ အထက်ပါစည်းကမ်းချက်များကို လိုက်နာခြင်းမရှိသူအား တိုက်ခန်းနေထိုင်ခွင့်ရုပ်သိမ်းသွားမည် ဖြစ်ပြီး နေပြည်တော်စည်ပင်သာယာရေးဥပဒေအရ အရေးယူနိုင်သည်။

၆။ ယခင်ထုတ်ပြန်ခဲ့သော ၂၀၂၁ ခုနှစ်၊ မတ်လ ၁၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၄/၂၀၂၁) ပါ စည်းကမ်းချက်များအား ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၃/၂၀၂၃)

နေပြည်တော်စည်ပင်သာယာရေးကော်မတီသည် နေပြည်တော်စည်ပင်သာယာရေးဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (ဠ)၊ (အ) တို့ပါ နိုင်ငံတော်ပိုင်အိမ်ရာအဆောက်အဦများတွင် နေထိုင်ခွင့်ရရှိသူများ လိုက်နာရန် စည်းကမ်းချက်များအား နေပြည်တော်စည်ပင်သာယာရေး ဥပဒေပုဒ်မ ၃၈၊ ပုဒ်မခွဲ (ခ) အရ အောက်ပါ စည်းကမ်းချက်များအား ထုတ်ပြန်လိုက်သည်-

**နေပြည်တော်အတွင်းရှိ ဝန်ကြီးဌာနအလိုက် ဝန်ထမ်းများအတွက် ချထားပေးသော နိုင်ငံတော်ပိုင်အိမ်ရာ လူပျိုဆောင်/အပျိုဆောင်များတွင် နေထိုင်ခွင့်ရရှိသူများ လိုက်နာရန်စည်းကမ်းချက်များ**

**နေထိုင်မှုစည်းကမ်းချက်များ**

၁။ နေထိုင်မှုစည်းကမ်းချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ဝန်ကြီးဌာနအလိုက်ခွဲဝေပေးထားသည့် လူပျို/အပျို အဆောင် (၁) လုံးစီတွင် အဆောင်တာဝန်ခံတစ်ဦးအား သက်ဆိုင်ရာဝန်ကြီးဌာနမှ တာဝန်ခံ၍ ခန့်အပ်တာဝန်ပေးရမည်။ အကယ်၍ ဝန်ကြီးဌာန ပေါင်းစပ် နေထိုင်ပါက အခန်းအရေအတွက် အများဆုံးရရှိသည့် ဝန်ကြီးဌာနမှ အဆောင်တာဝန်ခံ (အဆောင်မှူး) အား ခန့်အပ်တာဝန်ပေးရမည်၊

(ခ) ခန့်အပ်တာဝန်ပေးထားသည့် အဆောင်မှူးနှင့် ဒုတိယအဆောင်မှူးတို့၏ အမည်၊ ရာထူး၊ ဌာနနှင့် ဆက်သွယ်ရန်တယ်လီဖုန်းနံပါတ်တို့ပါဝင်သော ကိုယ်ရေးအကျဉ်းအား နေပြည်တော်စည်ပင်သာယာရေး ကော်မတီသို့ ပေးပို့မှတ်ပုံတင်ထားရမည် (အဆောင်မှူး သို့မဟုတ် ဒုတိယအဆောင်မှူးများ ပြောင်းလဲမှု ရှိတိုင်း ပေးပို့ရမည်)၊

(ဂ) အဆောင်တာဝန်ခံ (အဆောင်မှူး) သည် မိမိအဆောင်တိုက်အား အမြဲတမ်းစနစ်တကျ ထိန်းသိမ်း ကြီးကြပ်ရန်နှင့် အခက်အခဲပြဿနာရှိပါက အချိန်နှင့်တစ်ပြေးညီ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန၊ အဖွဲ့အစည်းရှိ တာဝန်ရှိသူအရာရှိများနှင့် တာဝန်မှူးရုံးခန်းသို့ တင်ပြရမည်၊

(ဃ) အဆိုပါအဆောင်တိုက်ခန်းတွင် နေထိုင်သူဝန်ထမ်းအားလုံးသည် ခန့်အပ်ထားသည့် အဆောင်တာဝန်ခံ (အဆောင်မှူး) ၏ ကြီးကြပ်ကွပ်ကဲမှုကို နာခံရမည်၊

(င) ခွင့်၊ တာဝန်အရ ခရီးထွက်ရန်ကိစ္စများပေါ်ပေါက်ပါက သွားရောက်မည့်ကာလ၊ ပြန်လည်ရောက်ရှိမှုအား အဆောင်တာဝန်ခံ (အဆောင်မှူး) ထံ သတင်းပို့တင်ပြရမည်၊

(စ) အဆောင်တိုက်ခန်းတွင် နေထိုင်သူများသည် လူပျို/အပျို/လူလွတ်များ စသည်ဖြင့် သတ်မှတ်ချက်အတိုင်း နေထိုင်ရပါမည်။ လူပိုများခေါ်၍ နေထိုင်ခွင့်မပြုရ၊

(ဆ) ရရှိသောအဆောင်တိုက်ခန်းတွင် နေထိုင်ခွင့်ရရှိသူကိုယ်တိုင် နေထိုင်မှုမရှိခြင်း၊ အခြားသူများကို ထပ်ဆင့်ငှားရမ်းခြင်း၊ ရက်ရှည်နေထိုင်ခွင့်ပြုခြင်း လုံးဝမပြုလုပ်ရ၊ ခွင့်ပြုချက်မရှိဘဲ ညဥ့်အိပ်ဧည့်သည် တည်းခိုခြင်း လုံးဝခွင့်မပြုရ၊

(ဇ) အပျိုဆောင်တိုက်ခန်းတွင် အမျိုးသားဧည့်သည်များ ဝင်ရောက်ဧည့်တွေ့ခြင်း၊ ဝင်/ထွက်သွားလာခြင်း လုံးဝခွင့်မပြုရ၊ ဧည့်တွေ့ရန်ရှိပါက အပျိုဆောင်ပြင်ပတွင်သာ တွေ့ရမည်၊

(ဈ) ရရှိထားသောအဆောင်တိုက်ခန်းများတွင် ခွင့်ပြုချက်မရှိဘဲ မိသားစု၊ မိတ်ဆွေ၊ ဧည့်သည်များ ညအိပ်နေထိုင်ခွင့်မပြုရ၊

(ည) အဆိုပါအဆောင်တိုက်ခန်းတွင် နေထိုင်သူအားလုံးသည် အငြိမ်းစားယူခြင်း၊ အခြားဒေသသို့ ပြောင်းရွှေ့ခြင်း၊ ဝန်ထမ်းအဖြစ်မှ နုတ်ထွက်ခြင်း၊ ထုတ်ပစ်ခြင်း၊ ထုတ်ပယ်ခြင်းများခံရပါက အဆောင်အခန်းအား ပြန်လည်အပ်နှံ၍ သတ်မှတ်ထားသည့်ရက်အတွင်း ဖယ်ရှားပေးရမည်။ ဖယ်ရှားခြင်းမရှိပါက ဌာန အစီအစဉ်ဖြင့် ဖယ်ရှားရှင်းလင်းခြင်း ဆောင်ရွက်သွားမည်၊

( ငူ )　အဆောင်တိုက်ခန်းတွင် အမြဲတမ်းဝန်ထမ်းများကိုသာ နေထိုင်ခွင့်ပြုရန်နှင့် နေ့စားအလုပ်သမားများအား နေထိုင်ခွင့်မပြုရ၊

( ဌ )　အဆောင်အတွင်း အေးချမ်းသာယာမှုကိုဖြစ်စေ၊ ဝန်ထမ်းအချင်းချင်းစည်းလုံးညီညွတ်မှုကိုဖြစ်စေ ပျက်ပြားစေရန် လှုံ့ဆော်ခြင်း၊ သွေးထိုးခြင်း၊ ထင်ရာမြင်ရာပြောဆိုခြင်း၊ အများနှင့် မသင့်လျော်စွာ နေထိုင်ခြင်းများ မပြုလုပ်ရ၊

( ဍ )　ဝန်ထမ်းများသည် ပါတီနိုင်ငံရေးကင်းရှင်းရမည်ဖြစ်၍ ပါတီနိုင်ငံရေးဆောင်ရွက်သူများ၊ ပါတီနိုင်ငံရေးနှင့် ပတ်သက်၍ စည်းရုံးလှုံ့ဆော်သူများ အဆောင်/တိုက်ခန်းများတွင် နေထိုင်ခွင့်မပြုရ၊

( ဎ )　ရရှိသော အဆောင်တိုက်ခန်းများတွင် လောင်းကစားပြုလုပ်ခြင်း၊ နှစ်လုံး၊ သုံးလုံး ချဲထီရောင်းဝယ်ကိစ္စများ ပြုလုပ်ခြင်း၊ ပတ်ဝန်းကျင်အား အနှောင့်အယှက်ဖြစ်စေမည့် ဆူညံမှုများပြုလုပ်ခြင်း၊ အရက်သေစာ အုပ်စုဖွဲ့၍ သောက်စားခြင်း၊ ခိုက်ရန်ဖြစ်ခြင်း၊ ဆဲဆိုခြင်း၊ မူးယစ်ရမ်းကားခြင်းများ မပြုလုပ်ရ၊ ပြုလုပ်ပါက တည်ဆဲတရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည်၊

(ဏ)　ရရှိသောအဆောင်တိုက်ခန်းများတွင် ပတ်ဝန်းကျင်အား အနှောင့်အယှက်ဖြစ်စေမည့် တိုက်ခန်းအတွင်း ရန်ဖြစ်ခြင်း၊ အော်ကြီးဟစ်ကျယ် စကားပြောခြင်း၊ ဆဲဆိုခြင်း၊ ကျယ်လောင်စွာ သီချင်းဖွင့်ခြင်း၊ သီချင်း ဆိုခြင်းစသည့် နှုတ်အသံဖြင့် ဆူညံမှုပြုလုပ်ခြင်းနှင့် အပြုအမူတစ်ခုခုဖြင့် ဆူညံမှုများပြုလုပ်ခြင်းတို့ မပြုလုပ်ရ။

**အဆောက်အဦပိုင်းဆိုင်ရာ စည်းကမ်းချက်များ**

၂။　အဆောက်အဦပိုင်းဆိုင်ရာစည်းကမ်းချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က)　နေထိုင်ခွင့်ရရှိသော အဆောင်အခန်းနှင့် အဆောင်များအား နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ ခွင့်ပြုချက်တစ်စုံတစ်ရာမရရှိဘဲ ပြင်ဆင်ခြင်း၊ ပြောင်းလဲခြင်း၊ တိုးချဲ့မွမ်းမံခြင်း၊ အခြားနည်းဖြင့် အသုံးပြုခြင်း မပြုလုပ်ရ၊

( ခ )　လူပျို/အပျိုဆောင်အပါအဝင် လူနေအိမ်ရာများသည် ဝန်ထမ်းများအတွက် နိုင်ငံတော်မှ တည်ဆောက် ပေးသည့် အဆင့်မြင့်လူနေအိမ်ရာ အဆောင်များဖြစ်ပါသဖြင့် ကိုယ်ပိုင်အဆောက်အဦကဲ့သို့ ထိန်းသိမ်း စောင့်ရှောက်ရန်နှင့် မိမိ၏ ပေါ့ဆမှုကြောင့် ပျက်စီးမှုများရှိပါက မူလအနေအထားအတိုင်း ပြန်လည် ပြင်ဆင်ပေးရမည် သို့မဟုတ် တန်ဖိုးအတိုင်း ပေးလျော်ရမည်။

**လျှပ်စစ်မီးနှင့် ရေပိုင်းဆိုင်ရာ စည်းကမ်းချက်**

၃။　လျှပ်စစ်မီးနှင့် ရေကို သက်ဆိုင်ရာဌာနနှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ ထုတ်ပြန်ထားသော လျှပ်စစ်သုံးစွဲမှုစည်းကမ်းများနှင့် ရေသုံးစွဲမှုစည်းကမ်းများအတိုင်း လိုက်နာသုံးစွဲ၍ မီးဘေးလုံခြုံရေး အတွက် လျှပ်စစ်မီးအား စနစ်တကျသုံးစွဲရမည်။

**အထွေထွေစည်းကမ်းချက်များ**

၄။　အထွေထွေစည်းကမ်းချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က)　အဆောင်တွင် ကျူရှင်/စာသင်ဝိုင်း ဖွင့်လှစ်ခြင်း၊ ဈေးဆိုင်ဖွင့်လှစ်ခြင်းနှင့် အခြားစီးပွားရေးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်ခြင်းများ မပြုလုပ်ရ၊

( ခ )　မိမိနေထိုင်ခွင့်ရရှိသော အဆောင်တိုက်ခန်းဥပစာတွင် ဥပဒေနှင့် ဆန့်ကျင်သော အသက်မွေးဝမ်းကျောင်းမှု စသည့်လုပ်ငန်းများမပြုလုပ်ရ၊ အကယ်၍ ပြုလုပ်ကြောင်း စစ်ဆေးတွေ့ရှိပါက ဝန်ထမ်းစည်းမျဉ်း၊ နေထိုင်ခွင့်စည်းမျဉ်းစည်းကမ်းနှင့် တည်ဆဲတရားဥပဒေအရ အရေးယူခြင်းခံရမည်၊

( ဂ )　အဆောင်အတွင်း မဖြစ်မနေပြုလုပ်ရမည့် သာရေး၊ နာရေးကိစ္စရပ်များမှအပ အခြားသော ပျော်ပွဲရွှင်ပွဲ ကိစ္စရပ်များအား သက်ဆိုင်ရာဌာန၏ ခွင့်ပြုချက်ရယူပြီးမှသာ ပြုလုပ်ရမည်၊

(ဃ)　စည်းကမ်းမဲ့ အမှိုက်များထားရှိခြင်း၊ မီးရှို့ခြင်း၊ စွန့်ပစ်ခြင်းနှင့် စည်းကမ်းမဲ့ ကွမ်းတံတွေးထွေးခြင်းများ မပြုလုပ်ရ၊

B/Hla Na/2025 Gazette/gazette (6) 63

( င ) အဆောင်တိုက်ခန်းများတွင် အများကို အနှောင့်အယှက်ဖြစ်စေနိုင်သော မည်သည့်တိရစ္ဆာန်များကိုမှ မွေးမြူခြင်းမပြုရ၊

( စ ) မိမိနေထိုင်ခွင့်ရရှိသော အဆောင်နှင့် ပတ်ဝန်းကျင်အား သတ်မှတ်ပေးထားသော ဧရိယာနယ်နိမိတ် အတွင်းကို မြက်၊ ချုံနွယ်များ ရှင်းလင်းဆောင်ရွက်ထားရှိရန်နှင့် သန့်ရှင်း၊ သပ်ရပ်၊ သစ်လွင်တောက်ပမှု ရှိစေရေး ဆောင်ရွက်ရမည်၊

(ဆ) မိမိနေထိုင်ခွင့်ရရှိသော အဆောင်ပတ်ဝန်းကျင်ရှိ သဘာဝအတိုင်း ပေါက်ရောက်နေသော သစ်ပင်ကြီးများ၊ စိုက်ပျိုးထားသော နှစ်ရှည်ပင်ကြီးများအား ခွင့်ပြုချက်မရှိဘဲ ခုတ်လှဲခြင်းမပြုရ၊ သို့ရာတွင် သစ်ပင်များအား အလင်းဖွင့်ဆောင်ရွက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ရမည်၊

( ဇ ) အဆောင်များဝန်းကျင် သန့်ရှင်းသာယာရေး၊ လုံခြုံရေး၊ မီးဘေးအန္တရာယ်ကင်းရှင်းရေး၊ လူမှုရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး စသည့်တာဝန်များကို အဆောင်တာဝန်ခံ (အဆောင်မှူး) ၏ ညွှန်ကြားချက် အတိုင်း ပါဝင်ပူးပေါင်းဆောင်ရွက်ရမည်။

၅။ အထက်ပါစည်းကမ်းချက်များကို လိုက်နာခြင်းမရှိသူအား အဆောင်အခန်း နေထိုင်ခွင့်ရုပ်သိမ်းသွားမည်ဖြစ်ပြီး နေပြည်တော်စည်ပင်သာယာရေးဥပဒေအရ အရေးယူနိုင်သည်။

၆။ ယခင်ထုတ်ပြန်ခဲ့သော ၂၀၂၁ ခုနှစ်၊ မတ်လ ၁၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၅/၂၀၂၁) ပါ စည်းကမ်းချက်များအား ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

တင်ဦးလွင်
မြို့တော်ဝန်
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့
## ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
### အမိန့်ကြော်ငြာစာအမှတ် (၇၈/၂၀၂၂)

ရန်ကုန်မြို့၊ ၁၃၈၄ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၂ ရက်
(၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက်)

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဒုတိယဌာနမှူး (ညွှန်ကြားရေးမှူး)၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးတွင် ခန့်ထားသော အောက်ဖော်ပြပါ ဒုတိယဌာနမှူး (ညွှန်ကြားရေးမှူး) (၈) ဦးအား အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့် ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| စဉ် | အမည် | ကိုယ်ပိုင်အမှတ် | လက်ရှိရုံး၊ ဌာန |
|---|---|---|---|
| ၁။ | ဦးမြင့်ကျော်ဦး | မစ-၀၅၉၆ | ကော်မတီရုံး |
| ၂။ | ဒေါ်ခိုင်မိုးညွှန့် | မစ-၀၃၂၃ | မြို့ပြစီမံကိန်းဌာန |
| ၃။ | ဦးဖြိုးတေဇကျော် (ခ) ဖြိုးကျော် | မစ-၁၇၁၀ | စီမံရေးရာဌာန |
| ၄။ | ဦးကိုကိုလေး | မစ-၀၃၅၃ | ဘဏ္ဍာရေးနှင့် ငွေစာရင်းဌာန |
| ၅။ | ဒေါက်တာကျော်ကျော်ထွန်း | မစ-၁၁၇၄ | အင်ဂျင်နီယာဌာန (အဆောက်အအုံ) |
| ၆။ | ဒေါ်သင်းသင်းစိုး | မစ-၀၃၉၄ | အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု) |
| ၇။ | ဦးဉာဏ်သာ | မစ-၁၁၃၂ | အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား) |
| ၈။ | ဦးငွေစိုးသောင်း | မစ-၁၆၁၈ | အင်ဂျင်နီယာဌာန (အဆောက်အအုံ) |

ဗိုလ်ဋ္ဌေး
ဥက္ကဋ္ဌ (မြို့တော်ဝန်)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၄ ခုနှစ်၊ တပေါင်းလဆန်း ၆ ရက် (၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

### ပြည်ထောင်စုလွှတ်တော်ရုံး

**အမိန့်ကြော်ငြာစာအမှတ် (၁၅/၂၀၂၃)**

၁၃၈၄ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၄ ရက်

(၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်)

၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်နေ့တွင် ကျင်းပသည့် ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေး အမှတ်စဉ် (၂/၂၀၂၃) ၏ သဘောတူညီချက်အရ ပဲခူးတိုင်းဒေသကြီးလွှတ်တော်ရုံးမှ အောက်ပါ ဒုတိယဦးစီးမှူး (၄) ဦးအား ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာသို့ အလုပ်ဝတ္တရားများ လက်ခံဆောင်ရွက်သည့်ရက်မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

၁။ ဒေါ်သူဇာသန်း

၂။ ဦးရဲဝင်းဌေး

၃။ ဒေါ်မေစုအိဖြူသိန်း

၄။ ဒေါ်စီစီမောင်ကြီး

ကျော်စိုး

အမြဲတမ်းအတွင်းဝန်

### အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

**အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၂၃)**

၁၃၈၄ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၅ ရက်

(၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်)

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်ခရိုင်၊ လှိုင်သာယာ (အရှေ့ပိုင်း) မြို့နယ်၊ ရွှေလင်ပန်းကျေးရွာအုပ်စု၊ မြေကွက်အမှတ် (၃၃၇/က)၊ ဦးပိုင်အမှတ် (ရလပ-၂၆)၊ **မြေဧရိယာ ၀.၂၂၉ ဧက** အား **ဓမ္မဒါယာဒဇေတဝန် ကျောင်းတိုက်** မြေနေရာအဖြစ်အသုံးပြုရန်အတွက် အောက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ ၃၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

**အမိန့်ကြော်ငြာစာအမှတ် (၃/၂၀၂၃)**

၁၃၈၄ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၅ ရက်

(၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်)

မွန်ပြည်နယ်၊ ရေးခရိုင်၊ ရေးမြို့နယ်၊ တူးမြောင်းကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (၁၁၂၃/ဝဲဘော်ကွင်း)၊ ဦးပိုင်အမှတ် (N-၄၂)၊ **မြေဧရိယာ ၉.၁၆ ဧက** အား **ဝဲဘော်တောရဘုန်းတော်ကြီးကျောင်း** မြေနေရာအဖြစ်အသုံးပြုရန်အတွက် အောက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ ၃၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

**အမိန့်ကြော်ငြာစာအမှတ် (၄/၂၀၂၃)**

၁၃၈၄ ခုနှစ်၊ တပို့တွဲလဆန်း ၄ ရက်

(၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက်)

မွန်ပြည်နယ်၊ သထုံခရိုင်၊ ပေါင်မြို့နယ်၊ ဇင်းကျိုက်မြို့၊ ခလောက်အင်းရပ်ကွက်၊ ကွင်းအမှတ်/အမည် (၇၈၄/ဇင်းကျိုက်ကွင်း)၊ ဦးပိုင်အမှတ် (၁၈၉) ရှိ မြေဧရိယာ ၀.၁၅ ဧက၊ ဦးပိုင်အမှတ် (၁၉၀) ရှိ မြေဧရိယာ ၀.၁၃ ဧက၊ ဦးပိုင်အမှတ် (၁၉၁) ရှိ မြေဧရိယာ ၀.၁၅ ဧက၊ ဦးပိုင်အမှတ် (၁၉၂) ရှိ မြေဧရိယာ ၀.၁၂ ဧက၊ ဦးပိုင်အမှတ် (၁၉၃) ရှိ မြေဧရိယာ ၀.၁၉ ဧက၊ ဦးပိုင်အမှတ် (၁၉၄) ရှိ မြေဧရိယာ ၀.၁၅ ဧက **စုစုပေါင်းမြေဧရိယာ ၀.၈၉ ဧက** အား **ဇင်းကျိုက်ရွာလယ်ကျောင်း** မြေနေရာအဖြစ်အသုံးပြုရန်အတွက် အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများနည်းဥပဒေ ၅၀ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

**အမိန့်ကြော်ငြာစာအမှတ် (၅/၂၀၂၃)**

၁၃၈၄ ခုနှစ်၊ တပို့တွဲလဆန်း ၆ ရက်

(၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်)

ကယားပြည်နယ်၊ ဘောလခဲခရိုင်၊ ဘောလခဲမြို့နယ်၊ ဘောလခဲကျေးရွာအုပ်စု၊ ဝမ်ချယ်ကျေးရွာ၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၂/ဝမ်ချယ်ကွင်း)၊ ဦးပိုင်အမှတ် (၅) ရှိ **မြေဧရိယာ ၂.၂၀ ဧက** အား **ဝမ်ချယ်ကျေးရွာဘုန်းတော်ကြီးကျောင်း** မြေနေရာအဖြစ်အသုံးပြုရန်အတွက် အထက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ ၅၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

**အမိန့်ကြော်ငြာစာအမှတ် (၆/၂၀၂၃)**

၁၃၈၄ ခုနှစ်၊ တပို့တွဲလဆန်း ၁၁ ရက်

(၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်)

မွန်ပြည်နယ်၊ ရေးခရိုင်၊ ရေးမြို့နယ်၊ အောင်မင်္ဂလာရပ်ကွက်၊ ရေးမြို့မ၊ ကွင်းအမှတ်နှင့် အမည် (၁၁၂၀/ဝဲကလိကွင်း)၊ ဦးပိုင်အမှတ် (၆၆)၊ မြေကွက်အမှတ် (18/358+22/356)၊ **မြေဧရိယာ ၅.၂၀ ဧက** အား **ဣန္ဒာသဃဘုန်းတော်ကြီးကျောင်း** မြေနေရာအဖြစ်အသုံးပြုရန်အတွက် အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများနည်းဥပဒေ ၅၀ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

မြင့်သန်း

ညွှန်ကြားရေးမှူးချုပ်

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

# ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန

## အမိန့်ကြော်ငြာစာအမှတ် (၈၀/၂၀၂၃)

၁၃၈၄ ခုနှစ်၊ တပို့တွဲလဆန်း ၇ ရက်

(၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်)

ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်စွဲပါ စာအမှတ်၊ ၇၃/တမ-၂/၁၆/၂/၂၀၂၃ ကိုညွှန်းလျက် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်စွဲပါ စာအမှတ်၊ ဝ၄၇/၁-နစရ/ဝကရ (၂၄၄) အရ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ ဗဟိုလေ့ကျင့်ရေးကျောင်းမှ အောက်ဖော်ပြပါ ကွန်ပျူတာလုပ်ဆောင်ရေးမှူး/ဒုတိယဦးစီးမှူး (၃) ဦးတို့အား ယှဉ်တွဲဖော်ပြပါ ရာထူးနေရာများသို့ အလုပ်တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည်၊ ရာထူး၊ ဌာန၊ လစာနှုန်း | တိုးမြှင့်ပေးမည့် ရာထူး၊ ဌာန၊ လစာနှုန်း |
|---|---|---|
| ၁။ | ဦးသော်တာလင်း<br>ကွန်ပျူတာလုပ်ဆောင်ရေးမှူး<br>သင်ကြားရေးဌာန<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) | ဦးစီးအရာရှိ<br>သင်ကြားရေးဌာန<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) |
| ၂။ | ဒေါ်ညိုညိုချစ်<br>ကွန်ပျူတာလုပ်ဆောင်ရေးမှူး<br>သင်ကြားရေးဌာန<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) | ဦးစီးအရာရှိ<br>သင်ကြားရေးဌာန<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) |
| ၃။ | ဒေါ်ငွေငွေမြင့်<br>ဒုတိယဦးစီးမှူး<br>သင်ကြားရေးဌာန<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) | ဦးစီးအရာရှိ<br>သင်ကြားရေးဌာန<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) |

သိန်းငွေဦး
ညွှန်ကြားရေးမှူးချုပ်
ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန

# အကောက်ခွန်ဦးစီးဌာန

ရန်ကုန်မြို့၊ ၁၃၈၄ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၄ ရက်

(၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်)

အမှတ် ၂။ ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၁ တွင် အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံးလျက် Floating Storage Unit for Storage of LPG as Transit Point စီမံကိန်း ဆောင်ရွက်မည့် မွန်ပြည်နယ်၊ ရေးမြို့နယ်၊ ကုလားကုတ်ကျွန်းအနီးရှိ Latitude 15˚ 32′ 12.20″ (N)၊ Longitude 97˚41′ 30.00″ (E) တည်နေရာတွင် Southern Myanmar Development Gas Co.,Ltd မှ LPG Ship to

Ship Operation ဆောင်ရွက်ရန်အတွက် အဆိုပါတည်နေရာအား ယာယီအကောက်ခွန်ဆိပ်ကမ်းအဖြစ် ၁၉-၁-၂၀၂၃ ရက်နေ့မှ ၁၈-၄-၂၀၂၃ ရက်နေ့အထိ (၃) လ သတ်မှတ်လိုက်သည်။

အမိန့်အာဏာ။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ၁၂-၁-၂၀၂၃ ရက်စွဲပါ စာအမှတ်၊ စဘ/ဘဏ္ဍာ-၁/၃/၁၅ (၃၁၅/၂၀၂၃)

သိန်းဆွေ
ညွှန်ကြားရေးမှူးချုပ်
အကောက်ခွန်ဦးစီးဌာန

## ငွေတိုက်ဦးစီးဌာန

## အမိန့်ကြော်ငြာစာအမှတ် (၉/၂၀၂၃)

နေပြည်တော်၊ ၁၃၈၄ ခုနှစ်၊ တပို့တွဲလဆန်း ၇ ရက်
(၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်)

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်စွဲပါ စာအမှတ်၊ စဘ/ဘဏ္ဍာ-၁/၂/၄-၁ (၆၉၆/၂၀၂၃) ဖြင့် ခွင့်ပြုချက်အရ ငွေတိုက်ဦးစီးဌာနမှ အောက်ပါ စိစစ်ရေးမှူး-၂ များအား ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်နေ့ နံနက်ပိုင်းမှစ၍ ငွေတိုက်ဦးစီးဌာနတွင် ဦးစီးအရာရှိရာထူး၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) သို့ တိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည် |
|---|---|
| ၁။ | ဦးဇင်မင်းဦး |
| ၂။ | ဒေါ်ထက်မြတ်သူအောင် |
| ၃။ | ဒေါ်ဖြိုးဖြိုးကြွယ် |
| ၄။ | ဒေါ်စန္ဒီဝင်းထူး |
| ၅။ | ဦးရဲကိုကိုထွန်း |
| ၆။ | ဒေါ်သူဇာခိုင် |
| ၇။ | ဒေါ်သိမ့်နန္ဒာဖြိုး |
| ၈။ | ဒေါ်ထားအိအိလှိုင် |
| ၉။ | ဦးရဲဝင်းအောင် |
| ၁၀။ | ဒေါ်ငွေငွေ |
| ၁၁။ | ဒေါ်အေးဇင်ထူး |
| ၁၂။ | ဒေါ်ခင်ဆွေတင့် |
| ၁၃။ | ဦးကျော်ဇင်စိုး |

စီစီပြုံး
ညွှန်ကြားရေးမှူးချုပ်
ငွေတိုက်ဦးစီးဌာန

မှတ်ပုံတင်အမှတ်–၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၄ ခုနှစ်၊ တပေါင်းလဆန်း ၆ ရက်
(၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

NOTICE

**IPC MYANMAR COMPANY LIMITED**

FINAL MEETING

**Final Meeting**

The Final Meeting of **IPC Myanmar Company Limited** will be convened and all the members are cordially invited to attend the Final Meeting.

**AGENDA**

1. To Explain & Lay before the meeting the Liquidator's account of the Liquidation.
2. To give any explanation thereof.

Date : 14 March 2023

Time : 11:00 am

Place : No.(26), Hlaing Myint Mo Lane (4), Kan Street, (10) Quarter, Hlaing Township, Yangon.

MR. Cesar Ivan Russo
Director
IPC Myanmar Company Limited

Mr. Kyaw Zin Soe
Director
IPC Myanmar Company Limited

MS. MI THANDAR AUNG
Certified Public Accountant
No.(26), Hlaing Myint Mo Lane (4),
Kan Street, (10) Quarter,
Hlaing Township, Yangon.
09–970450121

**ထွန်းထိပ်အောင် ကျောက်မျက်ရတနာကုမ္ပဏီလီမိတက်**

(အစုရှင်များ၏ ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)

နောက်ဆုံးအစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားခြင်း

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပုဒ်မ ၃၅၇ (က) အရ ကုမ္ပဏီ၏ စာရင်းများကို အပြီးသတ်ဖျက်သိမ်းနိုင်ရန်အတွက် နောက်ဆုံးအစည်းအဝေးကို ၂၀၂၃ ခုနှစ်၊ မတ်လ ၂၁ ရက်နေ့ နံနက် (၁၀:၀၀) နာရီတွင် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ ပြည်အနောက်ရပ်ကွက်၊ မနော်ဟရီလမ်း၊ အမှတ် (၂၄) တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အဖွဲ့ဝင်များအားလုံးတက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းများ တင်ပြပါမည်။

ဦးဆန်းထွန်း

B.A, CPA, F.B.S.A

Certified Public Accountant P 27

**ကျော်ညီအစ်ကို သံမဏိနှင့် သံရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်**

အများသိစေရန်ကြော်ငြာခြင်း

**ကျော်ညီအစ်ကို သံမဏိနှင့် သံရောင်းဝယ်ရေး ကုမ္ပဏီလီမိတက် (Kyaw Brothers Steel and Iron Trading Company Limited)** ကုမ္ပဏီမှတ်ပုံတင်အမှတ်-၁၀၂၉၆၉၀၀၆ (၂၉-၇-၂၀၀၅) ရက်နေ့ဖြင့် တည်ထောင်ခဲ့ပါသည်။ ကျွန်တော်များကုမ္ပဏီသည် (၂၁-၁၀-၂၀၂၂) ရက်စွဲပါ အစည်းအဝေးဆုံးဖြတ်ချက်အရ လုပ်ငန်းများလုပ်ကိုင်ရန်ဆန္ဒမရှိပါသဖြင့် အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်းအား (၂၈-၁၀-၂၀၂၂) ရက်နေ့တွင် ပြန်တမ်း၌ ကုမ္ပဏီဖျက်သိမ်းရန်ကြော်ငြာခဲ့ပြီးဖြစ်ပါသည်။ ဤကြော်ငြာပါသည့်နေ့မှစ၍ ကျွန်တော်များကုမ္ပဏီအား လုပ်ငန်းလည်ပတ်နိုင်ရန် (၂၈-၁၀-၂၀၂၂) ရက်စွဲပါ ပြန်တမ်းတွင်ပါရှိသော ကြော်ငြာစာအား ရုပ်သိမ်းခြင်းကို အစုရှင်နှင့် ဒါရိုက်တာများမှ ကန့်ကွက်ရန်မရှိကြောင်းနှင့် ယခင်ကကဲ့သို့ လုပ်ငန်းအား ဆက်လက်လုပ်ကိုင်မည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

U Kyaw Sein
Director
Kyaw Brother Steel & Iron Trading Co., Ltd

U Kyaw Lin
Chairman
Kyaw Brother Steel & Iron Trading Co., Ltd

## PATHEIN TEXTILE & GARMENT INDUSTRY ZONE COMPANY LIMITED

In the Matter of the Myanmar Companies Law and

Notice Under Section 348

At an Extraordinary General Meeting of the Board of Directors of the Company held at Sinn Oh Dan Street, No.58/60, Latha Township, Yangon Region, Myanmar on 31–01–2023, the following resolution were passed as Special Resolutions.

Resolved:

(1) ‘‘that the Company be and is hereby decided to be wound up voluntarily’’

(2) “that Daw Mya Thandar Aung LL.B, LL.M (Civil Law Specialization), Higher Grade Pleader (H.G.P), NRC No.5/KALANA (N) 053304, No.22, Myat Lay Yone Street, (7) Quarter, Hlaing Township, Yangon is appointed as Liquidator of the Company for the purpose of such winding–up and be authorized to carry on the business of the Company to such extend and for such period as may be necessary for the beneficial winding–up thereof and be granted such other powers as may be deemed fit or proper.”

Therefore, the creditors of the above–named Company are required to send their Name, Address and the Particulars of their debts of claims and Names and Addresses of their attorneys, if any, to the under–signed Liquidator in person as by their said debts or claims on or before 24–3–2023 as in default thereof they will be excluded from the settlement of such debts and claims.

DAW EINE HWAY
MANAGING DIRECTOR
PATHEIN TEXTILE & GARMENT INDUSTRY ZONE COMPANY LIMITED

Daw Mya Thandar Aung
Higher Grade Pleader (H.G.P)
Liquidator

No. 58/60, Sinn O Dan Street, Latha Township, Yangon.

Tel : 09–793383938

Email : xieennhui@gmail.com

## ASIA BUSINESS ALLIANCE PUBLIC COMPANY LIMITED

## မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပုဒ်မ-၅၈ (ခ) အရ ကြေညာချက်

ASIA BUSINESS ALLIANCE PUBLIC COMPANY LIMITED ၏ (၂၈-၁-၂၀၂၃) ရက်စွဲပါ အစုရှယ်ယာရှင်များ၏ အထူးအထွေထွေအစည်းအဝေးမှ ကုမ္ပဏီအား **ASIA BUSINESS ALLIANCE PUBLIC COMPANY LIMITED [အေရှား ဘစ်(ဇ်)နက်(ဇ်) အလိုင်းယဲ့(န်စ်) အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်] "မှ" ASIA BUSINESS ALLIANCE COMPANY LIMITED [အေရှား ဘစ်(ဇ်)နက်(ဇ်) အလိုင်းယဲ့(န်စ်) ကုမ္ပဏီလီမိတက်] "သို့"** ပြင်ဆင်ပြီး၊ ကုမ္ပဏီအမျိုးအစားကို အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီ "မှ" အများနှင့်မသက်ဆိုင်သည့် ကုမ္ပဏီသို့ပြောင်းလဲရန် အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပြီးဖြစ်ပါသည်။

ယင်းသို့ ကုမ္ပဏီ၏အမည်ပြင်ဆင်ခြင်း၊ ကုမ္ပဏီအမျိုးအစားပြောင်းလဲခြင်း၊ ဖွဲ့စည်းပုံအခြေခံ စည်းမျဉ်းပြောင်းလဲသုံးစွဲခြင်းဆိုင်ရာ အသေးစိတ်အချက်အလက်များကို မှတ်ပုံတင်အရာရှိထံ တင်ပြထားပြီးဖြစ်ပါသည်။

သို့ပါ၍ ဤကြေညာချက်ထုတ်ပြန်သည့်နေ့မှ (၂၈) ရက်အတွင်း တရားရုံး၏ အမိန့်တစ်ရပ်ရပ်အရ တားမြစ်ခြင်းမရှိလျှင် မှတ်ပုံတင်အရာရှိသည် ကုမ္ပဏီ၏လျှောက်ထားတင်ပြမှုကို မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေပုဒ်မ-၅၈(က) နှင့်အညီဖြစ်ကြောင်း ကျေနပ်လက်ခံပြီး၊ ကုမ္ပဏီ၏ မှတ်ပုံတင်ထားသောကုမ္ပဏီ အမျိုးအစားပြောင်းလဲခြင်းဆိုင်ရာ အသေးစိတ်အချက်အလက်များကို ပြောင်းလဲပေးမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဦးတင်ဦး

မန်နေးဂျင်းဒါရိုက်တာ

ASIA BUSINESS ALLIANCE PUBLIC COMPANY LIMITED

ပ၊ ထ၊ န - အမှတ် ၆၄၀/၂၂/ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန/ စောင်ရေ - ၁၇၈၀/ ၂၄-၂-၂၀၂၃။